# အောရိမ်းဂျ်ကောင်တီက ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး နောက်ဆုံး သတင်းကို မျှဝေလိုက်ပါတယ်

HILLSBOROUGH, N.C Jan. 25, 2021 - အောရိမ်းဂျ်ကောင်တီ ကျန်းမာရေးဌာနဟာ ပထမအကြိမ် သွင်းရမယ့် ကိုဗစ်-၁၉ ကာကွယ်ဆေး ခွဲတမ်းကို NCDHHS မှ မရရှိသည်မှာ သုံးပတ်အထိ ရှိသွားပါပြီ။

ပထမအကြိမ် ထိုးရမယ့် ကာကွယ်ဆေး ခွဲတမ်းမရ သေးတာက၊ ပထမအကြိမ် ကာကွယ်ဆေးထိုး ပြီးသွားတဲ့ ပြည်သူတွေအတွက် ဒုတိယအကြိမ် ကာကွယ်ဆေး ဆက်ထိုးနိုင်မှုအပေါ် အကျိုးသက်ရောက်မှု၊ သို့မဟုတ် နှောင့်နှေးစေမှု ရှိမှာ မဟုတ်ပါဘူး။

အောရိမ်းဂျ်ကောင်တီ ကျန်းမာရေးဌာနမှ ပထမအကြိမ် ကာကွယ်ဆေးထိုးပြီး သွားတဲ့ သူတွေကို ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနိုင်ရန် သင့်တော်တဲ့အချိန်အတွင်း ဖုန်း သို့မဟုတ် အီးမေးလ်က တဆင့် ဆက်သွယ်ပေးမှာ ဖြစ်ပါတယ်။

ဖုန်းခေါ်ဆိုမှုတွေ များနေတာကြောင့်၊ သင့်ရဲ့ ဒုတိယ အကြိမ်ဆေးထိုးရန် ချိန်းချက်မှုအတွက် ကျေးဇူးပြု၍ ကျန်းမာရေးဌာနကို မဆက်သွယ်ပါနှင့်။

"၂၀၂၁ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ၊ ပထမအကြိမ် ထိုးရမယ့် ကာကွယ်ဆေးအားလုံး ကုန်သွားပြီး၊ ပြည်နယ်ကနေ ကာကွယ်ဆေးတွေကို ဘယ်အချိန် ပြန်ရနိုင်မလဲ မသိသေးပါဘူး" ဆိုပြီး အောရိမ်းဂျ်ကောင်တီ ကျန်းမာရေးဒါရိုက်တာ၊ Quintana Stewart မှ ပြောခဲ့ပါတယ်။

ကာကွယ်ဆေးထောက်ပံ့မှုကို ကြီးကြီးမားမား တိုးမြှင့်မှု မရှိသေးမချင်း၊ အဆင့် ၁ နဲ့ အဆင့် ၂ အတွက် ကာကွယ်ဆေးထိုးပေးမှုပြီးစီးဖို့ အပတ်နှင့်ချီ သို့မဟုတ် လနှင့်ချီ ကြာနိုင်ပါသေးတယ်။ ဒီလိုကြာရတာက ကျွန်တော်တို့ ပြည်သူတွေအတွက် အားမရဖြစ်မိစေနိုင်လိမ့်မယ်ဆိုတာ ကျွန်တော်တို့ နားလည်ပြီး၊ ကျွန်တော်တို့လည်း သင်တို့နဲ့ထပ်တူ အားမရ ဖြစ်မိပါတယ်။

လက်ရှိ ကျန်းမာရေးဌာနက ကျန်းမာရေး ဝန်ထမ်းတွေ၊ ရေရှည်ကျန်းမာရေး စောင့်ရှောက်မှု အောက်မှာ နေထိုင်နေရတဲ့ ပြည်သူတွေ၊ ဒီလို စောင့်ရှောက်မှု ပေးနေတဲ့ ဝန်ထမ်းတွေ၊ အသက် ၆၅ နှစ်နဲ့ အထက်ရှိတဲ့ သက်ကြီးရွယ်အိုတွေအတွက် ကာကွယ်ဆေးထိုးပေးရန် အချိန်ဇယား ဆွဲပေးနေပါတယ် (အဆင့် ၁ နှင့် ၂)။

မြောက်ကယ်ရိုလိုင်းနားမှာ အသက် ၆၅ နှစ်နှင့် အထက်ရှိတဲ့ ပြည်သူတွေ ၁.၆ သန်း ရှိပါတယ်။ အောရိမ်းဂျ်ကောင်တီမှာ အသက် ၆၅ နှစ်နှင့် အထက်ရှိတဲ့ ပြည်သူတွေ ၂၂,၀၀၀ ခန့်ရှိပါတယ်။

ကာကွယ်ဆေးထိုးရန် ဝန်ဆောင်မှုပေးနေတဲ့ အခြားအဖွဲ့အစည်းများ

ကာကွယ်ဆေးကို အောရိမ်းဂျ်ကောင်တီ သို့မဟုတ် ကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့ အခြားအဖွဲ့အစည်းတွေထံက ရနိုင်ပါတယ်။ ကာကွယ်ဆေးထိုးရမယ့်အဆင့်တွေကို ပိုမိုမြန်ဆန်စေဖို့ ကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့ အဖွဲ့အစည်းတစ်ခုနဲ့ ကျေးဇူးပြု၍ တစ်ကြိမ်သာ ကြိုတင်စာရင်းပေးထားပါ။

လူအများကြီးကို စီမံနိုင်ရန်နဲ့ ကာကွယ်ဆေးရရှိနိုင်မှု ကို စောင့်ကြည့်နိုင်ရန်၊ ကြိုတင်ချိန်းဆိုမှု လိုအပ်ပါတယ်။ နောက်ပြီး ကာကွယ်ဆေးထိုးရန် ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတစ်ခုထံမှာပဲ ပထမ အကြိမ်နဲ့ ဒုတိယအကြိမ် နှစ်ကြိမ်စလုံးကို ထိုးပါ။ ပထမ အကြိမ်ထိုးပြီးသွားရင်၊ အခြားအဖွဲ့အစည်း တစ်ခုနဲ့ ဒုတိယအကြိမ် ထိုးဖို့ စာရင်းမပေးပါနှင့်။

အခြား ကာကွယ်ဆေးဝန်ဆောင်မှုပေးနေတဲ့ အဖွဲ့အစည်းတွေနဲ့ ကြိုတင် ချိန်းဆိုရန်အတွက် -

UNC Health – “Get Vaccinated” ဆိုတဲ့ အင်တာနက် စာမျက်နှာကို ဝင်ကြည့်ပါ သို့မဟုတ် တနင်္လာနေ့မှ သောကြာနေ့အကြား နံနက် ၈ နာရီမှ ညနေ ၅ နာရီ အတွင်း ၉၈၄-၂၁၅-၅၄၈၅ ကို ဆက်သွယ်ပါ။

Piedmont Health Services – “COVID-19 Testing and Vaccination” ဆိုတဲ့ အင်တာနက် စာမျက်နှာကို ဝင်ကြည့်ပါ သို့မဟုတ် ၉၁၉-၅၄၅-၃၄၅၂ ကို ဆက်သွယ်ပါ။

မကြာမီ လာမည်။ Hillsborough Pharmacy - သူတို့ရဲ့ အင်တာနက် စာမျက်နှာကို ဝင်ကြည့်ပါ သို့မဟုတ် ၉၁၉-၂၄၅-၁၂၁၂ ကို ဆက်သွယ်ပါ။

Duke Health – ကာကွယ်ဆေးထိုးရန် စာရင်းမှာ ပါဝင်နိုင်ဖို့ “COVID-19 Vaccines Update” ဆိုတဲ့ အင်တာနက် စာမျက်နှာကို ဝင်ကြည့်ပါ။ အကယ်၍ သင်က Duke MyChart ကို အသုံးပြုသူ တစ်ယောက်ဖြစ်ရင်၊ ဆေးထိုးရန်ကြိုတင်ချိန်းဆိုမှု ရနိုင်မရနိုင် သိရှိဖို့ “Duke MyChart” ကို ပုံမှန် ဝင်ကြည့်နိုင်ပါတယ်။

Cone Health – စောင့်နေရန် စာရင်းမှာ ပါဝင်ဖို့ “COVID-19 Vaccine Information” ဆိုတဲ့ အင်တာနက် စာမျက်နှာကို ဝင်ကြည့်ပါ။

Durham Veterans Affairs Health Care System - အကယ်၍ သင်က စစ်မှုထမ်းဟောင်းဖြစ်ပြီး ကိုဗစ်ကူးစက်နိုင်ခြေများတယ်ဆိုရင် သို့မဟုတ် မရှိမဖြစ် အလုပ်ဆင်းရမယ့် လုပ်ငန်းမျိုးမှာ လုပ်ကိုင်နေတဲ့ စစ်မှုထမ်းဟောင်းဆိုရင် ၉၁၉-၂၈၆-၀၄၁၁ ကို ဆက်သွယ်၍ တာဝန်ခံကို ကာကွယ်ဆေးထိုးရန် ချိန်းဆိုပေးဖို့ “၀” ကို နှိပ်ပါ။

ကာကွယ်ဆေးတွေ ဒီထက်ပိုပြီး ရရှိလာတဲ့အခါ VA က စစ်မှုထမ်းဟောင်းတွေကို ဒီထက်ပိုပြီး ပေးနိုင်ဖို့ ကြိုးစားမှာ ဖြစ်ပါတယ်။ အချက်အလက်တွေ ပိုသိရှိနိုင်ဖို့ ဝက်ဘ်ဆိုက်ကို ဝင်ကြည့်ပါ။ VA မှ တဆင့်

ကာကွယ်ဆေးထိုးနိုင်ပြီဖြစ်တဲ့ စစ်မှုထမ်းဟောင်းတွေရဲ့စာရင်းကို ကြည့်နိုင်ဖို့ "COVID-19 Vaccine for High-Risk Veterans" ဆိုတဲ့ စာမျက်နှာကို ဝင်ကြည့်ပါ။

ကာကွယ်ဆေးထိုးပေးတဲ့ အဖွဲ့အစည်း တစ်ခုဆီမှာသာ စာရင်းသွင်းပြီး၊ အဖွဲ့အစည်းတွေ အများကြီးမှာ စာရင်းမပေးထားပါနှင့်။

ရိုးရှင်းစွာ စာရင်းသွင်းနိုင်ခြင်း

အောရိမ်းဂျ်ကောင်တီ ကျန်းမာရေးဌာနမှာ ကိစ္စရပ်တွေကို မြန်ဆန်ချောမွေ့စေဖို့ စာရင်းသွင်းရန် လုပ်ငန်းစဉ်ကို ရိုးရှင်းစွာ စီစဉ်ထားပါတယ်။ အဆင့် ၁ နှင့် ၂ မှာ ပါဝင်တဲ့ သူတွေက ဒီဖောင်ကို ဖြည့်ခြင်းဖြင့် စာရင်းသွင်းနိုင်ပါတယ် သို့မဟုတ် ၉၁၉-၉၁၃-၈၀၈၈ ကို ဆက်သွယ်နိုင်ပါတယ်။

ဆက်သွယ်ရေးစင်တာက နံနက် ၈:၃၀ မှ ညနေ ၄:၃၀ အထိ တစ်ပတ်ကို ခုနှစ်ရက် ဖွင့်ပါတယ်။ ဆက်သွယ်ရေးစင်တာ ဝန်ထမ်းတွေဟာ စပိန်ဘာသာစကားအပြင် အခြားဘာသာစကားတွေနဲ့ပါ စာရင်းသွင်းနိုင်ရန် ကူညီပေးဖို့ အသင့်ရှိပါတယ်။

ကာကွယ်ဆေးထိုးရန် စိတ်ဝင်စားမှုကို လေ့လာရေးဖောင်ကို ဖြည့်ပြီးသွားရင် သို့မဟုတ် ဖုန်းဖြင့် စာရင်းပေးပြီးသွားရင်၊ သင်က စောင့်နေသူများစာရင်းမှာ ဝင်သွားမှာဖြစ်ပြီး၊ သင့်ရဲ့အခြေအနေကို သိနိုင်ဖို့ ပြန်လည် ဖုန်းဆက်တာမျိုး မလိုအပ်တော့ပါဘူး။

ကာကွယ်ဆေးထိုးရန် အခွင့်အရေးပေါ်လာတဲ့အခါ အောရိမ်းဂျ်ကောင်တီဝန်ထမ်းက သင်နဲ့ ချိန်းဆိုဖို့ သင့်ကို ဆက်သွယ်လာနိုင်ပါတယ်။ ဒါပေမဲ့ ဒါက အပတ်ချီ သို့မဟုတ် လချီ ကြာနိုင်ပါတယ်။

ကာကွယ်ဆေးထိုးရန် အဆင့် ၁ နှင့် ၂ မှာ မပါဝင်သေးတဲ့ သူတွေက စာရင်းပေးသွင်းနိုင်တဲ့ အချိန်ရောက်တဲ့အထိ စောင့်သင့်ပါတယ်။

အကယ်၍ သင်က စာပို့ခဲ့တာမျိုးရှိရင်၊ ပြန်လည် ခေါ်ဆိုဖို့ မလိုအပ်ပါဘူး။ ဝန်ထမ်းတစ်ယောက်က အဆင်ပြေတဲ့အခါ သင့်ကို အမြန်ဆုံး ပြန်လည် ဆက်သွယ်ပေးမှာ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို စောင့်နေတုန်းမှာ ဘာလုပ်နိုင်သလဲ။

ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ဖို့ ကာကွယ်ဆေးက အရေးကြီးတဲ့ ကိရိယာတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကပ်ရောဂါကို အဆုံးတိုင်သွားစေဖို့ အောက်ပါ ဘေးကင်းရေးအတွက် ဆောင်ရွက်မှုတွေကို လိုက်နာဖို့ အရေးကြီးပါသေးတယ် -

- နှာခေါင်းစည်း တပ်ပါ။

- ဖြစ်နိုင်တဲ့အခါတိုင်း အခြားသူတွေနဲ့ ၆ ပေ အကွာမှာ နေပါ။

- သင့်ရဲ့လက်ကို ဆေးပါ။

- သင်နေမကောင်းဖြစ်နေလျှင် အိမ်မှာ နေပါ။

"ကာကွယ်ဆေးဟာ ၂၀၂၁ မှာ ကျွန်တော်တို့ အရင်လို ပြန်လည်နေထိုင်နိုင်ဖို့ မျှော်လင့်ချက်တွေ အများကြီး ပေးပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ ကျွန်တော်တို့က ဒီကပ်ရောဂါဆိုးကြီးရဲ့ အခက်ခဲဆုံးအချိန်နဲ့ အန္တရာယ် အရှိအဆုံးအချိန်မှာ ရှင်သန်နေကြရပါတယ်။

ကျွန်တော်တို့အားလုံး ကာကွယ်ဆေးထိုးနိုင်တဲ့အထိ ကျေးဇူးပြု၍ ကိုယ့်ကိုယ်ကို ကာကွယ်ပါ" ဆိုပြီး အောရိမ်းဂျ်ကောင်တီကျန်းမာရေး ဒါရိုက်တာ၊ Quintana Stewart က ပြောခဲ့ပါတယ်။